စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆု

# လူ့ဘဝခဏတာ

# မြင့်မြတ်စွာ လူဖြစ်ခိုက်မှာပေါ့

## နွေကုံကော်(မြို့လှ)




.၃၀၁
၀၉


nelynn htun@ 2023

၂၀၂၁ ခုနှစ်၊ စာပေဗိမာန်စာမူဆု

လူငယ်စာပေ၊ ပထမဆု

နေပြည်တော်

# လူ့ဘဝခဏတာ မြင့်မြတ်စွာ လူဖြစ်ခိုက်မှာပေါ့

## နွေကံ့ကော် (မြို့လှ)

စာတည်းမှူး - ဒေါ်ဇင်မာထွေး

တည်းဖြတ်သူ - ဒေါ်သန်းသန်းစီ
စာတည်း

အဖုံးဒီဇိုင်း - နေလင်းထွန်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

ပုံနှိပ်မှတ်တမ်း
၂၀၂၃ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ - ၂၀၀၀
ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၉၇ / ၂၀၂၂ )

တန်ဖိုး 3500

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ် ဦးတိုးကျော်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့် ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့် ထုတ်ဝေသည်။

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ကျွန်တော်နှင့် ငယ်ဘဝ | ၁ |
| | အောင်သွယ်တော် ငါးနှစ်သား တပ်ထဲရောက်ခဲ့ခြင်း | ၃ |
| | ရွာပြန်ရောက်ပြီ | ၈ |
| | လူရည်ချွန်အရွေးခံရခြင်း | ၁၁ |
| | ကျွန်တော်ရေခဲချောင်းသည် | ၁၃ |
| | ဖြတ်သန်းခဲ့ရ အထက်တန်းကျောင်းသားဘဝ | ၁၅ |
| | ဆယ်တန်းအောင်သည့်နောက် | ၂၀ |
| ၂။ | ကျွန်တော်နှင့် တက္ကသိုလ်ကျောင်းသားဘဝများ | ၂၉ |
| | စစ်တက္ကသိုလ်မှာ သုံးနှစ်တာ | ၃၁ |
| | ကလေးမြို့သို့ ရောက်ရှိခြင်း | ၄၁ |
| | ဘာသာစကားသင်တန်း တက်ရောက်ခြင်း | ၄၃ |
| | ရုရှားသို့ရောက်ရှိခြင်း | ၄၆ |

| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ကျွန်တော်နှင့် အိမ်ထောင်သည်ဘဝ | ၅၃ |
| | မြန်မာနိုင်ငံ ပြန်ရောက်ပြီးနောက် | ၅၅ |
| | မိဘကိုဝန်မပိစေလိုသော ကျွန်တော် | ၅၉ |
| | ၁၅ နှစ်မှာ ရည်းစားထား၊ | ၆၁ |
| | ၃၁ နှစ်မှာ အိမ်ထောင်ပြုခဲ့သူ | |
| | ဆက်လက်ကြိုးစားရမည့် ဖခင်ကောင်းဘဝ | ၆၄ |
| ၄။ | ပြောပြချင်သည့် အကြောင်းလေးများ | ၆၉ |
| | ဘဘဦးခင်ကျောင်း | ၇၁ |
| | နွေရာသီ ငယ်ဘဝ မန်ကျည်းကောက်ပုံရိပ်များ | ၇၆ |
| | ကျွန်တော့်ဘဝကို ထိန်းကျောင်းခဲ့သော စာပေများ | ၈၄ |
| | ကျွန်တော်ကြိုက်သော ဘောလုံးပွဲ | ၉၂ |
| | လေးစားမိသော ကျွန်တော့်သူငယ်ချင်းများ | ၉၆ |
| | လူငယ်များနှင့် ထားရှိသင့်သည့် အကြောက်တရားများ | ၉၈ |
| | လူငယ်များနှင့် ဖွဲ့ဘွတ်အန္တရာယ် | ၁၀၀ |
| | လူငယ်များနှင့် တန်ဖိုးထားအပ်သောအရာများ | ၁၀၂ |
| | လူငယ်များနှင့် စာအုပ်စာပေ | ၁၀၆ |
| | လူငယ်များအတွက် တစ်ချိန်တုန်းက | ၁၀၇ |
| | သီချင်းလေးတစ်ပုဒ် | |
| | အုတ်တစ်ချပ် သဲတစ်ပွင့်ဖြင့် နိုင်ငံတော်သစ်ဆီ | ၁၀၈ |

စိုက်ပျိုးရေးဦးစီးဌာန
စာကြည့်တိုက်
ရုံးအမှတ်(၄၃)
နေပြည်တော်

# အခန်း (၁)

## ကျွန်တော်နှင့် ငယ်ဘဝ

စာကြည့်တိုက်
ရုံးအမှတ်(၄၃)
နေပြည်တော်

## အောင်သွယ်တော် ငါးနှစ်သား တပ်ထဲရောက်ခဲ့ခြင်း

ကျွန်တော်တို့အမျိုးထဲမှာ စစ်သားဟူ၍မရှိခဲ့ပါ။ သားချင်းတွေသာလျှင် မက မိဘနှစ်ပါးကပါ စစ်မျိုးစစ်နွယ်များမဟုတ်ပါဘဲ ကျွန်တော် ပထမတန်း ကျောင်းသားဘဝမှာ တပ်ထဲရောက်သွားခဲ့သည်။ ထိုအချိန်မှစ၍ အိမ်နှင့် စတင်ဝေးကွာခဲ့သည်။ ထိုသို့ အိမ်နှင့် ဝေးကွာစေဖို့ အကြောင်းဖန်လာခဲ့ပုံကား...

တစ်နေ့ ကျွန်တော်တို့အိမ်ရှေ့မျက်စောင်းထိုးတွင်ရှိသည့် အမေကြီး ဒေါ်နှင်းရင်အိမ်သို့ လူစိမ်းများ ရောက်လာခဲ့ကြသည်။ ထိုလူစိမ်းများသည်ကား အခြားမဟုတ်။ အမေကြီး ဒေါ်နှင်းရင်၏သား ဦးအောင်ကြီး၏ သူငယ်ချင်းတချို့ပင်ဖြစ်သည်။ ဦးအောင်ကြီးက စစ်သားဆိုတာတော့ ကျွန်တော်သိထားခဲ့၏။

"ဒီစာအိတ်လေး မင်းအန်တီအေးကို ပေးလိုက်ကွာ၊ ဒီဦးက ပေးခိုင်းတာ" ဟုဆိုကာ စာတစ်စောင်ပေးလာခဲ့သည်။ စာတင်မကဘဲ ကျွန်တော် စားဖို့ မုန့်လေးပါ အဆစ်ပါလာခဲ့ပါသေးသည်။ ကလေးဘဝမို့ စာကိုစာဟု သာသိပြီး စာ၏နောက်ဆက်တွဲ အဖြူအမည်းတွေကို မသိခဲ့သေးပေ။ အန်တီအေးက ကျွန်တော့်အမေအောက် နှစ်ယောက်ခြားကဖြစ်၏။ ကျွန်တော်မှတ်မိသလောက် သုံးလေးခါမျှ စာပို့စားလုပ်ပေးဖြစ်ခဲ့သည်။ မုန့်များလည်း မကြာခဏစားရသည်။ နောက်ဆုံးတစ်ခေါက်မှာတော့

အန်တီအေးအောက်က အန်တီမွေးနှင့် တည့်တည့်မိသွားခဲ့သည်။ ကာယ ကံရှင် အန်တီအေးက ကျွန်တော်ယူလာပေးသမျှစာများကို ကြည်ကြည် ဖြူဖြူယူသွားသော်လည်း အန်တီမွေးကတော့ ထိုသို့မဟုတ်ခဲ့ပါချေ။

"ကိုယ့်အဒေါ်ကို အောင်သွယ်လုပ်နေတဲ့ကောင်" ဟု ပြောလည်း ပြော ခေါင်းကိုလည်း ပေတံစောင်းစာကျွေးခဲ့ပါသေးသည်။

အမေကြီးက သားသမီး ၁၀ ယောက်ထွန်းကားခဲ့ပြီး အန်တီအေးက ငါးယောက်မြောက်သမီးဖြစ်သည်။ နောက်ဆုံးရလဒ်ကတော့ ကျွန်တော် အောင်သွယ်တော်ကောင်းမှုကြောင့် အန်တီအေးနှင့် အဆိုပါအလည်လိုက် လာသော စစ်သားကြီးဦးဝင်းဇော်တို့ အကြင်လင်မယားဘဝ ရောက်သွား ခဲ့ကြပါတော့သည်။ ထိုအခါ ဖူးစာရေးရှေနတ်မင်း ကျွန်တော့်ကို ဦးလေး ဝင်းဇော်က ကျေးဇူးတင်သဖြင့် သူတို့အရိပ်အောက်သို့ ခေါ်ယူစောင့်ရှောက် ရန် ကျွန်တော့်အဖေနှင့်အမေဆီ ခွင့်ပန်ပါတော့သည်။ သျှောင်နောက်ဆံထုံး ပါရတော့မည့် အန်တီအေးလည်း အဖော်ရစေရန်အလို့ငှာ ကျွန်တော့်မိဘများ က အဒေါ်လိုက်ပါနေထိုင်ရမည့် ပျဉ်းမနားမြို့ရှိတပ်ထဲသို့ ကျွန်တော့်ကို ကြည်ဖြူစွာပင် ထည့်ပေးလိုက်ကြသည်။ အချိန်အားဖြင့် ၁၉၉၅ ခုနှစ်က ဖြစ်၏။

အန်တီအေးကလည်း ရွာကိုခွဲရသလို ကျွန်တော်လည်း ရွာကိုခွဲခဲ့ ရသည်။ ပျော်လား မပျော်လား ထိုအချိန်က ကျွန်တော် သဲသဲကွဲကွဲမသိခဲ့ပါ။ ခုခါမှ ပြန်တွေးကြည့်တော့ အိမ်ကိုခွဲနိုင်ခဲ့သည့် သတ္တိကိုပဲ အံ့ဩမိသည်။ မောင်နှမလေးယောက်တွင် ကျွန်တော်က တတိယမြောက်ဖြစ်၏။ အထက် မှာ အစ်မနှင့်အစ်ကိုရှိပြီး အောက်မှာ ညီမလေးရှိသည်။

သူငယ်တန်းကြီးကို ရွာကျောင်းမှာပြီးမြောက်အောင်တက်ခဲ့ပြီး နောက် ပျဉ်းမနားမှာ ပထမတန်းမှ စတက်ရသည်။ နေပြည်တော် ဥတ္တရ သန္တိဘုရားကြီးအဆင်းမှ အမှတ် (၁၂၂)၊ အခြေခံပညာ မူလတန်း ကျောင်းလေးသည် ကျွန်တော် ပထမတန်းမှ စတုတ္ထတန်းထိ ပညာရင်နို့ သောက်စို့ခဲ့ရာ ကျောင်းလေးဖြစ်ခဲ့သည်။ ယနေ့မှာတော့ မူလတန်း ကျောင်းလေး၏အသွင်အပြင်များလည်း ပြောင်းလဲသွားခဲ့ပြီဖြစ်၏။ ဦးလေး

နှင့် အန်တီအေးတို့၏သွန်သင်ဆုံးမမှုအောက်တွင် ကျွန်တော်ပညာဆက်လက်သင်ကြားခွင့်ရခဲ့သည်။

ဒုတိယတန်းတက်နေချိန်တွင် ပထမတန်းအတွက် ဆုများပေးသောအခါ ကျွန်တော်က အဆင့် ( ၅ ) ရပြီး ဆုပေးပွဲတက်ရောက်ခွင့်ရခဲ့၏။ အခမ်းအနားဖြင့်ထိုက်ထိုက်တန်တန်ဆုချီးမြှင့်မှုကြောင့် ကျွန်တော်ဝမ်းသာခဲ့ရသည်။ မြို့လုက အဖေနှင့်အမေလည်း ထိုသတင်းကိုကြားသောကြောင့်ပျော်ကြသည်ဟုသိရသည်။ ကျွန်တော်ကတော့ ထိုကဲ့သို့ဆုရလိမ့်မယ်ဟုထင်မထားခဲ့ပါချေ။ ကျေးလက်တောရွာက တက်လာသူတစ်ယောက်အနေနှင့် မြို့ပြကလူများကို မယှဉ်နိုင်လောက်ဘူးဟူသောအတွေးက လူငယ်ပေမဲ့အလိုလိုတွေးနေခဲ့မိသည်။ ထိုစဉ်က ကျောင်းအုပ်ဆရာကြီးမှာ ဦးအေးသွင်ဖြစ်ပြီး ဆရာကြီး ဦးတင်ဝင်းတို့ကိုလည်း အမှတ်ရမိပါသေးသည်။ ကြိုးစားမှုကိုအသိအမှတ်ပြုခံလိုက်ရသောကြောင့် ဒုတိယတန်း၊ တတိယတန်းများမှာလည်း ဆုများဝင်ခဲ့ပြန်သည်။ ဒီတစ်ခါတော့ ကျွန်တော့်အဆင့်တွေရှေ့သို့တက်လာခဲ့ပြီဖြစ်၏။

ထိုစဉ်က ယနေ့ကာလကဲ့သို့ ခေတ်စားတွင်ကျယ်နေသော စာကျက်ဝိုင်းများ၊ ဘော်ဒါများသိပ်မရှိသေးသော်လည်း ကျူရှင်ဆိုတာကတော့ထိုခေတ်ကတည်းက ရှိနေခဲ့သည်။ သူငယ်ချင်းတချို့ကျူရှင်သဘောမျိုးစာသွားသင်နေတာကို တွေ့ခဲ့ရသည်။ ကျွန်တော့်အတွက်တော့ ကိုယ့်ဘာသာအားထုတ်ကြိုးစားကျက်မှတ်ခြင်းကိုသာ အလေးပေးခဲ့သည်။

ကျွန်တော် ဒုတိယတန်းနှစ်တွင် ထမင်းစချက်တတ်ပြီဖြစ်၏။ ထိုနေ့က အန်တီအေးက အိမ်မှာ ရှိမနေပါ။ အန်တီအေး သင်ပြထားသောကြောင့်ထမင်းအိုးကိုတော့ တည်တတ်နေသည်။ သို့သော် ငှဲ့မည့်အချိန်မှာတော့အန်တီအေးက အပျော့အမာချိန်ဆပြီး သူကိုယ်တိုင်ငှဲ့ပေးသည်။ ထိုနေ့ကမှကိုယ့်ဘာသာအပျော့အမာကို မချိန်ဆတတ် ချိန်ဆတတ်ဖြင့် ထမင်းတစ်အိုးကျက်အောင်ချက်လိုက်ရသည်။ ဒုတိယတန်းတက်နေချိန်မှာ အန်တီအေးက ညီမလေး ဝေဝေဇော်ကို မွေးသည်။ ထိုအချိန်မှစပြီး ကလေးထိန်းရခြင်းဟူသော ခေါင်းစဉ်ဖြင့် ကျွန်တော့်အတွက် လုပ်ငန်းတာဝန်တစ်ခုထပ်တိုးလာခဲ့၏။

ကျွန်တော့်တစ်နေ့တာသည်ကား မနက်စောစော ၅ နာရီခွဲတွင် အိပ်ရာမှထရ၏။ အိပ်ရာမှနိုးသည်နှင့် ခြင်ထောင်၊ စောင်များ ကိုယ့်ဘာသာ ခေါက်သိမ်း၊ မျက်နှာသစ်၊ မီးမွှေး၊ ရေနွေးကျိုရ၏။ ရေနွေးကျိုထားရင်း ဆန်ဆေး၊ ထို့နောက် ရေနွေးပွက်ပါက ခွတ်ဘူးများထဲထည့်။ ထမင်းအိုး တည်။ ထမင်းအိုးတည်ထားရင်း ဝက်စာစဉ်း၊ ကျွန်တော်မီးဖိုထဲရောက်နေချိန် မှာ အန်တီအေးက ညီမလေး ဝေဝေဇော်ကို အနီးကပ်ပြုစုနေရ၏။ ထမင်းအိုး ငှဲ့ပြီးချိန်တွင် နောက်ရေကန်မှ ရေပေးချိန်ဖြစ်၏။ ထိုရေကို အလှည့်ကျခပ်ကာ သုံးရေချိုးရေခပ်ရပြန်သည်။ ရေခပ်ပြီးသည်နှင့် ဝက်များကလည်း တဝူးဝူး နှင့် အစာတောင်းကြပါပြီ။ ထမင်းရည်များ၊ စားကြွင်းစားကျန်များအပြင် တခြားအိမ်မှသယ်ထားသော ဝက်စာများရောပြီး သူတို့ကိုကျွေးရ၏။

ရေခပ် ဝက်စာကျွေးပြီးသည်နှင့် ကျွန်တော်လည်း ရေချိုးရပါသည်။ ထိုအခါမှ ကျွန်တော့်တာဝန်များ ပြီးဆုံး၏။ အန်တီအေးက ကျွန်တော် ကျောင်းထမင်းထုပ်ဖို့ ဟင်းချက်ပေးသည်။ ထိုအချိန်တွင် ကျွန်တော်က ဘုရားဆွမ်းကပ်ဖို့ ပြင်ဆင်ပေးထားရ၏။ ကျွန်တော်၏ မနက်ပိုင်းအချိန် ဇယားသည် ထိုနည်းအတိုင်း ပြောင်းလဲခြင်းမရှိခဲ့ပါချေ။

ညနေ ကျောင်းဆင်းချိန်မှာတော့ တခြားအိမ်များတွင် ဝက်စာသွား ယူခြင်း၊ ဝက်စာများသွားခူးခြင်းတို့ကို ဆောင်ရွက်ရသည်။ ည ၇ နာရီသည် အပျော်ရွှင်ရဆုံးအချိန်ဟု ဆိုနိုင်သည်။ ကျောင်းဖွင့်သည့်တိုင် ကျန်ကျောင်း ဇာတ်ကားကိုကြည့်ရသလို ကျောက်စိမ်းလက်ကောက်ဇာတ်ကားကို လည်းကြည့်ရသည်။ ဦးလေးက ၁၄ လက်မ ကာလာတီဗွီလေးတစ်လုံး ဝယ်ပေးထားသောကြောင့် ကျွန်တော့်အတွက် အပျင်းပြေဆေးလေးဖြစ် ခဲ့သည်။ သောကြာည တစ်ညမှာတော့ တပ်ရင်းဗီဒီယိုရုံမှာ ဗီဒီယိုသွား ကြည့်ခွင့်ရသည်။ ကြားရက်များမှာတော့ ကိုယ့်အိမ်မှာကိုကြည့်၊ စာကျက်ရသည်။ အများအားဖြင့် ၇ နာရီ ဇာတ်လမ်းတွဲများကို ကြည့်ခွင့်ရပြီး ၈ နာရီထိုးသည်နှင့် စာအုပ်တွေဘက် လှည့်ရပါတော့၏။

ဟင်းချက်ခြင်းမှလွဲပြီး မီးဖိုချောင်အရေးတွင် ကျွန်တော်လည်း ရာခိုင်နှုန်းတော်တော်များများ ပါဝင်ခဲ့ရသည်။ ဤသို့ဖြင့် အိမ်မှုကိစ္စများ

လည်း တာဝန်ကျေပွန်ခဲ့ရသလို ကျောင်းစာများတွင်လည်း တာဝန်ကျေပွန်ခဲ့သောကြောင့် ဘေးအိမ်များနှင့် တပ်တွင်းမှအသိများက ကျွန်တော့်ကို အသိအမှတ်ပြုခဲ့ကြသည်။ အလုပ်နှင့် လက်မပြတ်သလို စာပေပိုင်းတွင်လည်း တပ်ထဲက ရွယ်တူတန်းတူများထက် သာလွန်သောကျွန်တော့်ကို-

"စိုးမိုးကျော်လိုသားမျိုးလေး တစ်ယောက်လောက်လိုချင်လိုက်တာဟယ်" ဆိုပြီး တပ်တွင်းရှိရဲမေများက ပြောကြပါသေးသည်။ အများစုက ကျွန်တော့်ကို ဦးလေးဝင်းဖေ်သားလားဟု မေးမြန်းတတ်ကြပါသေးသည်။ ညီမလေး သုံးယောက်ရသည်အထိ ထိုထိုသောလုပ်ငန်းဆောင်တာများကို မပျက်မကွက်လုပ်ဆောင်ခဲ့ရသည်။ ကလေးလည်းထိန်း၊ အိမ်အလုပ်လည်းလုပ်ရင်း လေးတန်းအထိ ဆုများမပျက်မကွက်ရရှိခဲ့သည်။ မှတ်မှတ်ရရ လေးတန်းနှစ်တွင် ပထမဆုရခဲ့သည်။ ထိုဆုရရှိခြင်းအတွက် အဓိက ကျေးဇူးတင်ရမည့်သူမှာ အတန်းပိုင်ဆရာမဒေါ်ခင်နွဲ့ပိုပင်ဖြစ်ပါ၏။ အခုဆို ဆရာမသည်ပင် ကွယ်လွန်ခဲ့ပါပြီ။ ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်းများထိ ကျွန်တော့်ရှေ့တွင် မားမားမတ်မတ်ရပ်ပြီး အဆင့်ကောင်းနေသူတစ်ဦးရှိ၏။ ထိုသူကား ယောကျ်ားသားမဟုတ်၊ ခိုင်စုယဉ် ဟုခေါ်သော မိန်းကလေးပင်ဖြစ်သည်။ လက်ရေးလက်သားကောင်းသလို တော်လွန်းလှသောသူ့ကို ကျွန်တော် ဘယ်လိုမှမကျော်နိုင်သည့်အဆုံး လေးတန်းနှစ်တွင် ဆရာမက ကျွန်တော်တို့ကို အတန်းများခွဲပေးလိုက်သည်။ ထိုသောအခါမှ သူ မပါသော ကျွန်တော်တို့အခန်းတွင် ကျွန်တော်ပထမချိတ်နိုင်သည်။ ရွာမှ အဒေါ်များအလည်လာလျှင် ကျွန်တော်ပျော်သည်။ သူတို့ရောက်လာပါက ကျွန်တော့်အတွက် အိမ်အလုပ်များသက်သာသည်။

ကျွန်တော်က ညီမလေးများကိုချီပိုးပြီး ဘောလုံးကွင်း၊ ဗီဒီယိုရုံများသို့လည်ပတ်ခွင့်ရသည်။ ဝေဝေဖေ်မှစပြီး မီမီဖေ်၊ ရီရီဖေ်တို့အားလုံးသည်ပင် ယနေ့အချိန်တွင် ဘွဲ့ရပြီး လုပ်ငန်းခွင်အသီးသီး ဝင်ရောက်နေကြပါပြီ။ သူတို့သည်ကား ကျွန်တော်၏ညီမလေးအရင်းများကဲ့သို့ပင် ရှိနေပါ၏။

၂၀၀၀ ပြည့်နှစ်အထိ ကျွန်တော်သည် ပျဉ်းမနားမြို့ရှိ တပ်ထဲတွင် အန်တီအေးတို့မိသားစုနှင့် အတူနေထိုင်ရင်း ပညာများသင်ကြားခဲ့သည်။

ငါးတန်းရောက်သောအခါ ပျဉ်းမနား အထက (၁) သို့ ပြောင်းတက်ရသည်။ ထိုကျောင်းရောက်သောအခါ ဆရာများက ကိုယ့်နာမည်မှတ်မိရုံ၊ စာကြိုးစားသည်ဆိုရုံလောက်သာ သတိထားမိကြပြီး ဆုတော့မတိုးနိုင်ခဲ့ပါချေ။

၂၀၀၀ ပြည့်နှစ် ကျွန်တော် ခုနစ်တန်းစတက်နေချိန်မှာ ဦးလေးဝင်းဖော်ဆုံးသည်။ တီဘီရောဂါဖြင့် ဆုံးပါးခဲ့ခြင်းဖြစ်ပြီး ကျွန်တော့်ကျေးဇူးရှင်တစ်ဦးဆုံးရှုံးခဲ့ခြင်းမို့ ဝမ်းနည်းခဲ့ရသည်။ ညီမလေးများက လူမမည်အရွယ်လေးများသာရှိပါသေး၏။ တပ်ရင်းအနေဖြင့်လည်း ဦးလေးရသင့်ရထိုက်သောခံစားခွင့်များကို အမြန်ဆုံးဆောင်ရွက်ပေးသည်။ အဲဒီနောက်မှာတော့ မူလဇာတိ မြို့လှမြို့လေးဆီ ကျွန်တော်တို့ ပြန်ရောက်ခဲ့ပါတော့သည်။

တပ်ထဲမှာ ခုနစ်နှစ်လောက် နေသားကျလာပြီမို့ စစ်သားများကို ခင်တွယ်မိခဲ့သည်။ သူတို့၏ မနက်တိုင်း ဘယ်ညာအော်ဟစ်ပြီး ပြေးနေသံများ၊ စစ်ရေးပြလေ့ကျင့်မှုများက ကျွန်တော်နှင့် ရင်းနှီးနေခဲ့သည်။ ထိုအချိန်မှစပြီး ကျွန်တော့်မသိစိတ်မှာ စစ်သားဖြစ်ချင်စိတ်များ ကိန်းအောင်းနေခဲ့သလား ဆိုတာကိုတော့ ကွဲကွဲပြားပြားမသိခဲ့ပါချေ။ ဆရာမများက ကျွန်တော့်ကို ပညာရေးမှာ မြေတောင်မြှောက်ပေးဖို့ အန်တီအေးကို တဖွဖွမှာနေကြတာကိုတော့ ကျွန်တော်ကောင်းကောင်းမှတ်မိနေပါသေးသည်။

## ရွာပြန်ရောက်ပြီ

ဦးလေးမဆုံးခင်က နွေရာသီကျောင်းပိတ်တိုင်း ကျွန်တော်ရွာသို့ပြန်လာရသည်။ အိမ်နှင့် ခွဲနေရသော လူငယ်လေးတစ်ဦးအနေဖြင့် နွေရာသီကျောင်းပိတ်ရက် မိဘရင်ခွင် ပြန်ဝင်ရခြင်းသည် အလွန်ပျော်ရွှင်ဖွယ်ကောင်းခဲ့သည်။ ထိုကျောင်းပိတ်ရက်များတွင် ပျဉ်းမနားမှာ မလွတ်လပ်ခဲ့သမျှ အတိုးချပြီး လွတ်လပ်ရေးယူသည်။ သူငယ်ချင်းများနှင့် ဘောလုံးကန်သည်။ ညရောက်လျှင် ရွာတောင်ပိုင်း ဦးစိန်ဝင်းဗီဒီယိုရုံမှာ ဇာတ်ကားသွားကြည့်သည်။

ရှေ့အိမ်က ရန်နိုင်စိုး၊ ဆယ်ပြားတို့သည် ကျွန်တော့်ပါတနာများပင်ဖြစ်သည်။ ကျွန်တော်တို့အိမ်က မန်ကျည်းလုပ်ငန်း လုပ်ကိုင်သောကြောင့်

နွေကျောင်းပိတ်ကာလတွင် မန်ကျည်းကောက်လည်း လိုက်ရပါသေးသည်။ နွေရာသီ သုံးလတာ လွတ်လပ်ရေးကို အပြည့်အဝတော့ မခံစားရပါချေ။ တစ်လလောက်အိမ်မှာနေပြီးသည်နှင့် ပျဉ်းမနားသို့ ပြန်လာရသည်။ ထို အခါမျိုးတွင် အိမ်နှင့် မခွဲချင်သလိုလို ရွာကို လွမ်းသလိုလိုဖြစ်ခဲ့သည်။

မြို့လှမှသည် ပျဉ်းမနားအထိ ဘူတာစဉ် ငါးခုရှိသည်။ ရေနီ၊ သာဝတ္တိ၊ ထိန်အင်း၊ အေလာ၊ ပြည်ဝင်ဘူတာများကိုဖြတ်ပြီးမှ ပျဉ်းမနားသို့ရောက်၏။ ကားဖြင့်သွားပါက ပြည်ဝင်ဘူတာမရှိတော့ဘဲ လယ်ဝေးမြို့ကို ဖြတ်ရသည်။ ကားဖြင့်တစ်ဖုံ ရထားဖြင့်တစ်သွယ် နွေရာသီ ကျောင်းပိတ်ရက်တိုင်း ရွာသို့ ပြန်ခွင့်ရခဲ့သည်။ မြို့လှသို့ ပြန်လာစဉ် ပျော်ရသော်လည်း ရက်စေ့ပြီး ပျဉ်းမနားကို ပြန်လာရချိန်မှာတော့ အတော်ပင်နေရခက်လှသည်။ ပျဉ်းမနားမှာရှိနေစဉ် အမေက ဈေးဝယ်ရင်းဖြင့် အလည်အပတ်ရောက်လာ တတ်ပါသေးသည်။

အမေရောက်လာလျှင် ကျွန်တော်အလွန်ပျော်ပြီး အမေပြန်ခါနီးမှာ တော့ ကျွန်တော်ဝမ်းနည်းရပြန်သည်။ ထိုဖြစ်စဉ်များသည် ပထမတန်းမှ ခုနစ်တန်းအထိ ပြောင်းလဲမှုမရှိဘဲ ကြုံတွေ့ခဲ့ရခြင်းပင်ဖြစ်သည်။ အခုတော့ ကျွန်တော်တို့ ကိုယ့်ဇာတိကို အပြီးပြန်လာခွင့်ရခဲ့ပါပြီ။ အမေကြီးတို့အိမ်နှင့် ကျွန်တော့်မိဘများအိမ်သည် ခြံဝင်းတစ်ခုထဲမှာပင်ဖြစ်၏။ ရှေ့အိမ် နောက်အိမ် တည်ဆောက်ထားခြင်းဖြစ်သည်။ ကျွန်တော်သည် အိမ်မှာထက် အမေကြီးတို့အိမ်တွင် ပိုပျော်သည်။ ကျွန်တော်၏ လက်ကျန် ခုနစ်တန်းနှစ်ကို မြို့လှအထကမှာ ဆက်တက်ရသည်။ ကျွန်တော်ပျဉ်းမနားမှာ ကျောင်း တက်နေချိန်တုန်းက အဖေနှင့် အမေသည် အိမ်ဆိုင်လေး ဖွင့်ထားခဲ့သည်။ မန်ကျည်းလုပ်ငန်းကလည်း အဆင်ပြေသဖြင့် ရွာအနောက်ဘက် တစ်မိုင် အကွာ ရန်ကုန်- မန္တလေး ကားလမ်းဘေးရှိ သကြားစက်ရှေ့တွင် မြေတစ် ကွက် ဝယ်ထားခဲ့သည်။ ထို့ပြင် ဆိုင်ခန်းတစ်ခန်းငှားပြီး ကုန်စုံဆိုင်လေး ဖွင့်ခဲ့သည်။

အန်တီအေးတို့နှင့် အတူနေပါများလာသောကြောင့် ညီမလေးများနှင့် အနီးကပ်နေရတာကို ကျွန်တော်ပိုပျော်တတ်လာသည်။ ကျွန်တော်ရွာပြန်

ရောက်ချိန်တွင် အဖေနှင့် အမေက သကြားစက်ရှေ့ဆိုင်မှာသာ အနေများပါတော့သည်။ ကျွန်တော်တို့မောင်နှမတစ်တွေက ရွာအိမ်မှာ အနေများပြီး လိုအပ်တာများကိုသာ သွားရောက်ကူလုပ်ပေးကြသည်။ မန်ကျည်းလုပ်ငန်းဖြင့် တောင့်တင်းခိုင်မာခဲ့ဖူးသော ကျွန်တော်တို့မိသားစု၏ စီးပွားရေးသည် ဆိုင်တွင် အရက်ကို စတင်ရောင်းချကြည့်ချိန်မှစပြီး တစ်စတစ်စယိုင်နဲ့ခဲ့သည်။ အဖေက အရက်ကိုစပ်ရင်း သောက်တတ်သွားခဲ့၏။ အဖေနှင့်အရက် အကျွမ်းတဝင်ရှိခဲ့ချိန်တွင် မန်ကျည်းလုပ်ငန်းများကိုလည်း ထဲထဲဝင်ဝင် မလုပ်နိုင်တော့ပေ။ အိမ်ဆိုင်လေးကလည်း ကျွန်တော်တို့ မောင်နှမတစ်တွေ၏ပညာရေးထဲစုပြုံထားရသည်မို့ ရေရှည်တောင့်ခံနိုင်ဖို့ ခဲယဉ်းခဲ့သည်။

ဤသို့ဖြင့် ကျွန်တော့်တာဝန်အများစုသည် အမေကြီးတို့မိသားစု အပေါ်တွင် အလိုလိုရောက်သွားခဲ့သည်။ အရက်မူးလာလျှင် ပြဿနာရှာတတ်သောအဖေ့ကို ကျွန်တော်စိတ်ဆိုးမိသည်။ အမေ့ကိုရန်လုပ်လျှင် ပိုဒေါသထွက်မိသည်။ အဖေသည် ဖခင်ကောင်းတစ်ဦးဖြစ်ခဲ့သည်။ ကျွန်တော်တို့မောင်နှမတစ်တွေအတွက် သူတတ်ကျွမ်းသော မန်ကျည်းလုပ်ငန်းဖြင့် ပညာသင်ပေးရုံသာမက ရှင်ပါပြုပေးခဲ့သည်။ လိုချင်တာမှန်သမျှ ဖြည့်ဆည်းပေးနိုင်အောင် ကြိုးစားခဲ့သူလည်းဖြစ်သည်။ အဖေပြောသည့်စနေဂြိုဟ်ဝင်၍ဆိုးနေရခြင်းဖြစ်သည် ဆိုတာကိုတော့ ကျွန်တော် လက်မခံနိုင်ပါချေ။

အဖေအရက်မူးချိန်တွင် ကျွန်တော်နှင့်မကြာခဏ စကားများတတ်သည်။ ကျွန်တော်နှင့်သာလျှင်မဟုတ် အမေ့မောင် ကျွန်တော့်ဦးလေးနှင့်လည်း မကြာခဏထိပ်တိုက်တွေ့တတ်သည်။ အဒေါ်များက အမြဲလိုလို ဝင်ရောက်ဖျန်ဖြေပေးရ၏။ "အဖေ့ကိုကွာလိုက်ပါလားအမေရာ" ဆိုပြီး အဖေ့ဒဏ်ခံနေရသော အမေ့ကို ကျွန်တော်တိုက်တွန်းခဲ့ဖူးသည်။ မမက ကျွန်တော် ခုနစ်တန်းနှစ်စမှာ ဆယ်တန်းအောင်သွားသည်။ စီးပွားရေးကျဆင်းနေသောအချိန်အခါတွင် တက္ကသိုလ်တက်ဖို့အတွက် မမ စိတ်မောခဲ့ရပါသေးသည်။ မနာလိုသူတချို့ကလည်း မမဆယ်တန်းဖြေခါနီးမှာ

အဖေအရက်သောက်ပြီး မူးနေသည့်အကြောင်းကို မမရှေ့ဖောက်သည်ချကြပါသေးသည်။ တစ်အိမ်လုံးတွင် အဆိုးဆုံးသည်ကား အတန်းပညာ ဆယ်တန်းလည်းမအောင် ဘဝတက္ကသိုလ်လည်းမအောင်သည့် အစ်ကိုဖြစ်သည်။ ညီမလေးကတော့ အငယ်ဆုံးပီပီ သူ့တာဝန်သူ ကျေပွန်အောင် ဆောင်ရွက်ပါသည်။ ကျွန်တော်ပဲကံဆိုးသည်လား အဖေ အမေတို့ပဲ ကံဇာတာနိမ့်သည်လား မပြောတတ်။ ပျဉ်းမနားမှာ ကျောင်းတက်နေရတုန်းက အိမ်၏စီးပွားရေး အင်မတန်ပြေလည်ခဲ့သည်။ အဖေက အရက်ကို စနေပြီဟ်မှ တစ်ဆင့် အဖော်ပြုလာချိန်မှစ၍ ဘက်ပေါင်းစုံမှ ယိုင်နဲ့လာခဲ့တော့သည်။

သို့သော်လည်း ကျွန်တော်ကတော့ ကိုယ်တာဝန်ရှိသည့် ခုနစ်တန်းသင်ခန်းစာများကို ကျေကျေပွန်ပွန်နှင့် ကျော်ဖြတ်နိုင်အောင်ကြိုးစားခဲ့သည်။ ကိုယ့်ရပ်ကိုယ့်ရွာမှာ ကိုယ့်ငယ်သူငယ်ချင်းများနှင့် ကျောင်းပြန်တက်ရသည်မို့ ပျော်စရာတော့ကောင်းလှသည်။ ဤသို့ဖြင့် မပြေလည်မှုများ၊ ပြေလည်မှုများ ရောထွေးနေသော နှစ်တစ်နှစ်အတွင်း ကျွန်တော်ခုနစ်တန်းအောင်မြင်ခဲ့ပြီး ရှစ်တန်းကျောင်းသား ဖြစ်လာခဲ့သည်။

## လူရည်ချွန်အရွေးခံရခြင်း

ရှစ်တန်းကျောင်းသားဘဝတွင် ကျွန်တော့်အတွက် အမှတ်တရများရှိခဲ့ပါ၏။ အတန်းပိုင်ဆရာမက ဒေါ်မာကြည်စိုးဖြစ်သည်။ ဆရာမကြီးသည်ကား အခုတော့ အငြိမ်းစားဖြစ်နေပါပြီ။

တစ်နေ့ ရေတာရှည်မြို့နယ်တွင် ကျောင်းကိုယ်စားလူရည်ချွန်ဖြေရန် လူရွေးရမည်ဟူသော သတင်းထူးဖြင့် လက်ထဲမှာပါလာသော ဉာဏ်စမ်းစာရွက်ကြီးကို ဖတ်ပြသည်။ ထိုစဉ်က ကျွန်တော်တို့ ရှစ်တန်းအေသည် တစ်ကျောင်းလုံးတွင် စံပြအဖြစ်သတ်မှတ်ထားကြောင်း ဆရာမက ရှင်းပြသည်။ ရှစ်တန်းအေတွင်ရောက်ရှိခြင်းကို ကျွန်တော်တို့ဂုဏ်ယူမိပါ၏။ ခုနစ်တန်းအောင်သောသူများထဲမှစိတ်ဓာတ်စည်းကမ်းထူးချွန်သူအားလုံးကို ရှစ်တန်းအေတွင် ထားခြင်းဖြစ်ကြောင်း နောက်မှသိရသည်။

ဆရာမဖတ်ပြသမျှ မေးခွန်းအများစုကို နောက်ဆုံးတန်းမှနေ၍ အသံကျယ်ကျယ်ဖြင့် ဖြေဆိုခဲ့သူကား ကျွန်တော်ပင်ဖြစ်၏။ တချို့ကလည်း

ဖြေကြသည်။ မေးခွန်းများက ကျွန်တော်တို့အရွယ်နှင့် ဖြေဆိုရန် သိပ်ခက်တာတွေတော့ မဟုတ်ပါ။ ကိုးတန်း ဆယ်တန်း ကဗျာ၊ စကားပြေများထဲက စာကြောင်းများကို ဉာဏ်စမ်းမေးတာများလည်းပါခဲ့သည်။ ကျောင်းစာရော အပြင်စာပါ ဖတ်လေ့ဖတ်ထရှိသော ကျွန်တော်က သိထားသမျှ မေးခွန်းများကို အဖြေပေးနိုင်သောအခါ နောက်ဆုံးတွင် ဆရာမက ကျွန်တော့်ကို ရွေးချယ်လိုက်သည်။ ရေတာရှည်မြို့နယ်အဆင့်သို့ ကျွန်တော်သွားပြိုင်ရသည်။

ဆရာမဒေါ်ငွေငွေမြင့်က ကြီးကြပ်သူအဖြစ် လိုက်ပါလာခဲ့သည်။ ကျွန်တော်မှတ်မိသမျှ ရေနီ၊ မြို့လှ၊ ဆွာ၊ သာဂရ၊ ရွှေကြက်ယက် ကျောင်းများမှ တစ်ကျောင်း တစ်ယောက်စီ ရောက်လာကြသူများတွင် ကျွန်တော်မှလွဲပြီး အခြားသူများမှာ မိန်းကလေးများဖြစ်၏။ ကွန်ပျူတာမသုံးတတ်သောကြောင့် ရေးဖြေအမှတ်များကောင်းသော်လည်း မြို့နယ်အဆင့်မှာ ကျွန်တော်ကျန်ရစ်ခဲ့သည်။ သို့သော် ကျွန်တော်ရှုံးသည်ဟု မခံစားခဲ့ရပါ။ ကျောင်းပြန်ရောက်သောအခါ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့် သန်းက ခေါ်ယူတွေ့ဆုံအားပေးသည်။ ရှစ်တန်းနှစ်တွင် ကျွန်တော့်ဘဝအတွက် အခင်ဆုံးသူငယ်ချင်းနှစ်ယောက်ကို ရရှိခဲ့သည်။ ယနေ့အချိန်ထိလည်း အခင်မင်ဆုံးသူများအဖြစ် ရှိနေကြဆဲဖြစ်သည်။ သူတို့သည်ကား ကျွန်တော့်လို ရွာသားများဖြစ်ကြသည့် အောင်ထွန်းဦးနှင့် ဖြိုးမောင်ပင် ဖြစ်သည်။ ကျွန်တော်တို့သည် တစ်ယောက်အကြိုက်တစ်ယောက် လိုက်ကြသည်။ နေရာတိုင်းတွင် ကောင်းတူဆိုးဖက်ဆိုလျှင် မမှားပါချေ။ ရှစ်တန်းအောင်သည့်နောက် ကျူရှင်တက်ကြဖို့ ပြင်ဆင်ကြသောအခါ ကျွန်တော်နှင့် ဖြိုးမောင်သည် ကျူရှင်ဆိုတာကြီးမှာ နေလို့မပျော်ကြပေ။ ထို့ကြောင့် ကိုးတန်းနှစ်ကို ကျူရှင်မပါဘဲ ဖြတ်သန်းကြမည်ဟုဆုံးဖြတ်ကာ ကျူရှင်နှင့် ကျောခိုင်းလိုက်ကြသည်။ အောင်ထွန်းဦးကတော့ ကျန်ခဲ့သည်။ ကျွန်တော်က ကျွန်းပင်စု ရွာသား၊ ဖြိုးမောင်က စည်ပင်သာ ရွာသား၊ အောင်ထွန်းဦးက ညောင်ကြတ် ရွာသားဖြစ်၏။ ရွာချင်းမတူ မိသားစုချင်း မတူသော်လည်း ကျွန်တော်တို့သုံးယောက် ရင်ဘတ်ချင်းတူခဲ့ကြသည်။

နေပြည်တော်

ကိုးတန်းအတွက် ကျူရှင်မတက်သည့်နောက် သုံးလတာ အချိန်ပိုထွက်လာခဲ့သည်။ ထိုအချိန်များကို အကျိုးရှိစွာ အသုံးချစေခြင်းအလို့ငှာ ကျွန်တော် အလုပ်တစ်ခုလုပ်ခဲ့သည်။ ထိုအလုပ်သည်ကား-

## ကျွန်တော်ရေခဲချောင်းသည်

ရှစ်တန်းဖြေပြီးသည့်နောက် ကိုးတန်းအတွက် ကျူရှင်လိုလေမလားဟု ကျွန်တော်တွေးမိသည်။ အများကလည်း ကိုးတန်းအခြေပြု ဆယ်တန်းအတွက် ပြင်ဆင်နေကြလေပြီမို့ ကျွန်တော်လည်း အနည်းငယ်စိုးထိတ်မိပါသည်။ ဒါကြောင့် မြို့ထဲရှိကျူရှင်သို့ အောင်ထွန်းဦး၊ ဖြိုးမောင်တို့နှင့် ရောက်သွားခဲ့သည်။ သို့သော် ကျူရှင်မှာနေရတာကြီးကို စာသင်ခန်းထဲမှာလောက် မအေးမြသလို ခံစားမိသည်မို့ တစ်ခါတည်း နုတ်ထွက်ခဲ့သည်။ ဖြိုးမောင်ကလည်း ကျွန်တော့်လိုပင်ဖြစ်၏။

နောက်တစ်ခုကတော့ ကျူရှင်အတွက် ကုန်ကျမည့်ငွေကို နမြောတာလည်းပါသည်။ ဆယ်တန်းရောက်လျှင်လည်း ကျူရှင်ယူရဦးမှာမို့ ကိုးတန်းကို ကိုယ့်ဘာသာလှော်ခတ်ကြမည်ဟု ဆုံးဖြတ်ခဲ့ပြီးနောက် ကျွန်တော် ရေခဲချောင်းရောင်းဖို့ ဆုံးဖြတ်လိုက်သည်။ အိမ်ကလည်း စီးပွားရေး မပြေလည်၊ ကျောင်းသားက များ၊ အမေကြီးတို့အိမ်မှာလည်း ကျွန်တော်တို့လို မြေးမြစ်များက နည်းတာမဟုတ်။ ဒီတော့ ကိုယ်ပိုင်ဝင်ငွေတစ်ခုရှာပြီး ကျောင်းစရိတ်ဖန်တီးဖို့ ကျွန်တော်စိတ်ကူးလိုက်သည်။

အိမ်မှာဝင်နားလေ့ရှိသော ရေခဲချောင်းသည်ဦးလေးကြီး အဆက်အသွယ်ဖြင့် ရေနီမှ ရေခဲချောင်းပုံးမှာကာ စက်ဘီးတစ်စီးဖြင့် ရွာစဉ်လှည့်ခဲ့သည်။ အန်တီအေးတို့ငယ်စဉ်ကစီးသည့် စက်ဘီးသည် ကျွန်တော် ရေခဲချောင်းရောင်းသည့် စက်ဘီးဖြစ်လာသည်။ ထိုစက်ဘီးဖြင့် မနက် ၇ နာရီထိုးသည်နှင့် မြို့လုကားဂိတ်မှာ ရေနီက တင်ပေးလိုက်သည့် ရေခဲချောင်းပုံး သွားယူသည်။ ရေခဲချောင်းပုံး စက်ဘီးနောက်ခုံပေါ်ရောက်သည်နှင့် ကျွန်တော်၏ နွေရာသီတစ်နေ့တာလုပ်ငန်းခွင် စတင်ပါလေပြီ။

ဈေးသည်တစ်ယောက်အတွက် ဈေးဦးပေါက်အရသာနှင့် နောက်ဆုံးပိတ်ရောင်းရသော ငွေသားလက်ခံရရှိသည့်ပီတိက အရသာတစ်မျိုးရှိလှ

သည်။ အများအားဖြင့် ရွာများဘက်လှည့်ရောင်းဖြစ်ခဲ့သည်။ ဖြိုးမောင်နေသော စည်ပင်သာရွာသို့ရောက်ခဲ့သလို အောင်ထွန်းဦးနေသည့် ညောင်ကြတ်သို့လည်း ရောက်ခဲ့သည်။ ထို့နောက် သာဂရအစပ်များဖြစ်သည့် တုန်းဂေါင်း၊ ဆတ်သွား၊ အုတ်ဖို၊ ကျွဲဦးက ရွာများအထိ ကျွန်တော့်စက်ဘီးလေးဖြင့် ခြေဆန့်ပြီး ဒါးလှီးရေခဲချောင်းများ ရောင်းခဲ့သည်။ တချို့ကလည်း ငွေသားပေးသလို ငွေသားမရပါက သူတို့ပေးသည့် ဆန်၊ ပဲ၊ နောက်ဆုံး ပုလင်းခွံများနှင့်ပါ အလဲအထပ်ပြုခဲ့သည်။

ရွာတိုင်းတွင် ကျွန်တော်အများဆုံး အခြေပြုသည့်နေရာကား ခြင်းကွင်းများ၊ ဘောလုံးကွင်းများနှင့် ဘော်လီဘောကွင်းတို့ပင်ဖြစ်၏။ ထိုနေရာများသည် ရောင်းလို့အကောင်းဆုံးဟု အလုပ်က သင်ပေးသွားခဲ့သည်။ မနက် ၇ နာရီမှ စတင်လှုပ်ရှားခဲ့သော ကလိုင်သံလေးသည် ညနေ ၄ နာရီလောက်ဆို တာဝန်ကျေပွန်စွာ တိတ်ဆိတ်သွားခဲ့လေပြီ။

တစ်နေ့တာအတွက် ရောင်းချရသောငွေသည် အရှုံးတော့မရှိခဲ့ပါချေ။ ငွေသားအရင်းဖယ်၍ ပိုသောငွေများနှင့် အမည်စုံသည့် အမြတ်များပင်ဖြစ်သည်။ အများစုကိုတော့ အမေ့လက်ထဲထည့်ပေးခဲ့သည်။ ပဲကိုတော့ အိမ်မှာချက်စားပြီး ပုလင်းခွံများကိုတော့ စုဆောင်းထားခဲ့သည်။ ထိုကာလတွင် မိုးရွာမှာကို ကျွန်တော်စိုးရိမ်သည်။ နေပူမှသာလျှင် လူအများစုက အအေးကိုတောင့်တကြသည်မို့ ကျွန်တော်လည်း ရောင်းကောင်းပါလိမ့်မည်။ မိုးအေးချိန်နှင့် သကြံန်ကာလများတွင် ရောင်းအားကျတတ်သည်။ မနက်ရေခဲချောင်းပုံးသွားယူချိန်တွင် ကျွန်တော့်သူငယ်ချင်းများ ကျူရှင်တက်နေကြသည်ကို မြင်တွေ့ခဲ့ရသည်။

အုံ့ဩဖွယ်ကောင်းသည်ကား သူတို့ကိုမြင်ရသည့်တိုင် ကျွန်တော်မရှက်တတ်၊ မကြောက်တတ်ခဲ့ခြင်းပါပေ။ အောက်ခြေအလုပ်တစ်ခုကို လုပ်ကိုင်ရခြင်းသည် မည်သည့်ခေတ်ကာလမဆို သိမ်ငယ်စရာအလုပ်တစ်ခုအဖြစ် လူအများစုက သတ်မှတ်ထားကြသည် မဟုတ်ပါလား။ သို့သော် သမာအာဇီဝကျကျ ရှာဖွေစားသောက်သည့် မည်သည့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းမဆို ရှက်ရွံ့စရာမကောင်းမှန်း ကျွန်တော် ယုံကြည်လက်ခံ

ခဲ့သည်။ ထိုသို့ အမှန်တရားကို နားလည်တတ်လာအောင် သင်ပေးသော အရာများသည် အန်တီအေးအိပ်ရာခေါင်းရင်းဘေးက ဆရာချစ်နိုင် (စိတ်ပညာ)၏ စာအုပ်စာပေများနှင့် အဖေ့လက်စွဲတော် စာအုပ်များပင် ဖြစ်သည်။

အန်တီအေးသည် ညအိပ်ရာဝင်ခါနီးတိုင်း ရေနံဆီမီးအိမ်ဖြင့် စာဖတ်လေ့ရှိသလို ကျွန်တော့်အဖေသည်လည်း စာဖတ်လွန်းသူတစ်ယောက်ဖြစ်သည်။ သူတို့၏ စာပေဖတ်ရှုမှုသည် ကျွန်တော့်နှလုံးအိမ်ဆီ ကူးလူးလာခဲ့သည်။ ခုနစ်တန်းနှစ်မှစပြီး ဆရာချစ်နိုင် (စိတ်ပညာ)၊ ဆရာကောင်းသန့်၊ ဆရာသုတေသီ ဘုန်းမြင့်သွေး၊ ဆရာကြီးပီမိုးနင်း အစရှိသော စာရေးဆရာကြီးများ၏ စာအုပ်မျိုးစုံအပြင် အခြားစာအုပ်စာစောင်များနှင့် ကျွန်တော်ရင်းနှီးခဲ့သည်။ ရွာတကာရောက်သောအခါ တချို့ကလည်း ကျွန်တော့်ကိုမြင်၍ အံ့သြနေပုံရသည်။

အရင်တုန်းက ပြေလည်ခဲ့ကြသော ကျွန်တော်တို့မိသားစုအခြေအနေကြောင့် မျက်မှောက်ကာလကို သူတို့အံ့သြမည်ဆိုလည်း အံ့သြစရာပါပေ။ ကျွန်တော့်အနေနှင့်တော့ မျိုးစုံသောမျက်လုံးများ၏ အကြည့်ဒဏ်ကို ခံနိုင်ခဲ့သည်။"ကြိုးစားလျှင် အောင်မြင်ရမည်" ဟူသော စာပေကရရှိသည့် ယုံကြည်ချက် ခံယူချက်များက ကျွန်တော့်နှလုံးအိမ်တွင် စွဲမြဲနေခဲ့သည်။

**ဖြတ်သန်းခဲ့ရ အထက်တန်းကျောင်းသားဘဝ**

ကိုးတန်းရောက်သောအခါ အတန်းအေ ဘိုင်အိုအခန်းတွင် နေရသည်။ အတန်းပိုင်ဆရာမက ဆရာမကြီး ဒေါ်ခင်ဝင်းကြည်ဖြစ်ပြီး နှစ်ဝက်တွင်ဆုံးသွားသောကြောင့် ဆရာမဒေါ်ကြည်ကြည်နိုင်က အစားထိုးတာဝန်ယူသည်။ ဆရာမဒေါ်ကြည်ကြည်နိုင်က ဓာတုဗေဒဆရာမ ဖြစ်၏။ ဘိုင်အိုခန်းသည်လည်း အများအထင်ကြီးစရာ အခန်းဖြစ်ခဲ့ပြန်သည်။ နှစ်ကြီးဆယ်တန်းကျောင်းသားများကတော့ " ဘိုင်အိုထိုင်ငို" ဟု သြဘာပေးကြသလို "တစ်ပတ်နေရင် အတန်းပြောင်းကြမှာပါကွာ" ဆိုပြီးတော့လည်း ဘိုင်အို၏ ကြမ်းတမ်းမှုကို နိမိတ်ပုံဖော်ကြပါသေးသည်။

တကယ်တမ်းမှာလည်း တချို့သူငယ်ချင်းအနည်းစု အီကိုသို့ပြန်ပြောင်းသွားကြသည်။ ဘိုင်အိုခန်းမှာတော့ ရှစ်တန်းအေမှ သူငယ်ချင်းအများစုပြန်ရောက်လာကြပြီး အခြားအတန်းများမှလည်း ထပ်မံရောက်ရှိလာကြသည်။ ဘာသာရပ်အားလုံးသည် သူ့ဟာနှင့်သူတော့ခက်ခဲသည်ဟု ဆိုရမည်။ သို့သော် ကိုယ့်ကြိုးစားအားထုတ်မှုကလည်း ပခာနကျပါ၏။ လပတ်စာမေးပွဲတိုင်း ကျူရှင်မယူသော ကျွန်တော်က ကျူရှင်ယူသူများထက်ပင်သာအောင် ကြိုးစားနိုင်ခဲ့သေးသည်။ စာမေးပွဲရမှတ်များသည် ကျူရှင်ယူသူများနှင့် ပုံလုံတစ်လှည့် ငါးပျံတစ်လှည့်ဖြစ်ခဲ့သည်။ မြန်မာစာကတော့ကျွန်တော့် အားအသန်ဆုံးဘာသာဖြစ်ခဲ့သောကြောင့် အခြားသူများထက်ထိပ်ပိုင်းမှာရောက်ခဲ့သည်။ ရူပဗေဒ၊ ဓာတုဗေဒဘာသာရပ်များတွင် အမှတ်များသောကြောင့်လည်း ဆရာများကပင် ကျူရှင်ယူသူများကို နှိပ်ကွပ်ခဲ့ပါသေးသည်။

ကျွန်တော်တို့သုံးယောက်သည် နောက်ဆုံးတန်းမှာ ထိုင်သော်လည်း ဆရာများမေးသမျှ လျင်လျင်မြန်မြန်ဖြေဆိုနိုင်ခဲ့ကြသည်။ ကိုးတန်းနှစ်သည် ပျော်စရာကောင်းလှသည်။ ကျောင်းမတက်ခင် ဘောလုံးကန်ကြသည်။ ကန်ဖို့လူနည်းပါက အစိတ်ကြေး ပင်နယ်တီကိုးသွင်းကြသည်။ တစ်လှည့်စီကန်ကြခြင်းဖြစ်၏။ ပိုက်ကျော်ခြင်းခတ်သည်ဖြစ်စေ၊ ဘောလုံးကန်သည်ဖြစ်စေ ကျွန်တော်တို့သုံးယောက်က တစ်သင်းတည်းမှာ အတူတူတွဲကစားကြသူများဖြစ်၏။ နိုင်ရင်တော့ အားလုံးဝေတူမျှတူစားကြပြီးရှုံးရင်တော့ အောင်ထွန်းဦးကိုပဲ ကျွန်တော်နှင့် ဖြိုးမောင်က လည်ပင်းညှစ်သည်။ အောင်ထွန်းဦးမိဘများက ပိုက်ဆံရှိသောကြောင့်လည်း သူ့ကို အနိုင်ကျင့်နိုင်ခြင်းဖြစ်၏။ ကျောင်းတက်ရင်း စာကျက်ရင်း ဘောလုံးကန်ရင်းအိမ်အလုပ်များ လုပ်ကူရင်းဖြင့် ကိုးတန်းနှစ်ကိုလည်း တာဝန်ကျေပွန်စွာဖြတ်ကျော်နိုင်ခဲ့သည်။ အောင်မည်ဟု ကြိုသိထားသောကြောင့် နွေရာသီကျောင်းပိတ်သည်နှင့် ဆယ်တန်းစာများကို ကျွန်တော်ကြိုတင်ကျက်မှတ်ပါတော့သည်။

ကိုယ့်ဘာသာကျက်မှတ်၍ရသော မြန်မာကဗျာများနှင့် ခက်ဆစ်များကို ပြောင်းဖူးခင်းစောင့်ရင်း ကြိုဖတ်သည်။ ဝက်စာခူးသွားရင်း ခက်ဆစ်

များ ကျက်သည်။ အင်္ဂလိပ်စာမီးနင်းများ ကြိုကျက်သည်။ စပါးခင်းစောင့်ရင်း ဖြင့်လည်း စာများကြိုဖတ်ထားခဲ့သည်။ ဘိုင်အိုသင်ခန်းစာများဆိုလျှင် လည်း ပုံများအဆွဲကျင့်သည်။ ကဗျာများကို အလွတ်ရအောင် ကျက်မှတ် ထားခြင်းဖြင့် စကားပြေရေးရာတွင် အထောက်အကူပြုနိုင်ကြောင်း ကျွန်တော်သိထားခဲ့သည်။

ကိုယ့်ဘာသာကြိုးစားအားထုတ်ခြင်းဖြင့် ကျက်မှတ်နိုင်သောဘာသာ များကို ကြိုလေ့လာထားသောကြောင့် စာများနှင့် ပိုမိုရင်းနှီးခဲ့သည်။ သင်္ချာ တွက်စာများနှင့် တခြားဘာသာရပ်များကိုတော့ ကျူရှင်တက်တော့မှသာ လေ့လာနိုင်သည်။ အင်္ဂလိပ်စာကဗျာများကိုလည်း ကြိုကျက်ထားသော ကြောင့် ထိုကြိုးစားမှုအသီးအပွင့်များကို ကောင်းမွန်စွာ ပြန်လည်ခံစား ခွင့်ရခဲ့သည်။

သင်္ကြန်ပြီးသည်နှင့် စာသင်ဝိုင်းနှင့် ကျူရှင်များ အလျှိုလျှိုအသက်ဝင် လာသည်။ သူများတွေလို ဘာသာစုံလည်း ကျူရှင်မယူဖြစ်သလို အထူးဝိုင်း များကိုလည်း ကျွန်တော်မတက်နိုင်ခဲ့ပါ။ ဖြိုးမောင်သည်လည်း ထိုနည်း အတိုင်းပင်ဖြစ်သည်။ ဖြိုးမောင်နှင့်ကျွန်တော်က ကျူရှင်တစ်ခုဖြစ်ပြီး အောင်ထွန်းဦးနှင့် မတူကြပါ။ မြန်မာစာနှင့် ဘိုင်အိုကိုတော့ ကျူရှင်လုံးဝမယူ ခဲ့ကြပါပေ။ မှတ်မှတ်ရရ ဆယ်တန်းကာလတစ်လျှောက်လုံး ကျောင်း တစ်ရက်သာ ပျက်ကွက်ခဲ့ဖူးသည်။ ပျက်ကွက်သည်ဆိုခြင်းမှာ ကိုယ်တိုင် ကျောင်းပြေးလို့ ပျက်ခဲ့ခြင်းပင်ဖြစ်၏။ ပြေးရသည့် အကြောင်းရင်းလည်း ရှိသည်။

စာမျိုးစုံဖတ်ရာမှ အချစ်ဝတ္ထုများမှပေးသော ရင်ခုန်ဖွယ်ဇာတ်လမ်း များကို တိမ်းညွတ်ခဲ့မှုကြောင့် ကျွန်တော့်နှလုံးသားက ငယ်ငယ်ရွယ်ရွယ်နှင့် ယိမ်းနွဲ့ချင်ခဲ့သည်။ ထိုအရာသည် အချစ်ဟုခေါ်မှန်း ကိုယ့်ဘာသာကင်ပွန်း တပ်လိုက်သည့်နောက် အတန်းဖော်ကျောင်းသူတစ်ဦးကို ကျောင်းဆင်း ချိန်ညနေခင်းတစ်ခုတွင် ချစ်ရေးဆိုလိုက်မိသည်။ အကျိုးဆက်အားဖြင့် မျက်နှာပူလှသောကြောင့် နောက်တစ်နေ့ ကျောင်းမတက်ရဲခဲ့ချေ။

ဤသို့ဖြင့် သူငယ်ချင်းနှစ်ယောက်ကိုပါ ကျောင်းကူပြေးဖို့ အဖော် ညှိခဲ့သည်။ သူတို့ကလည်း ကျွန်တော့်ဘက်က မားမားမတ်မတ် ရပ်တည်

ပေးခဲ့သလို အတွေ့အကြုံများကိုပါ ဘုန်းကြီးကျောင်းစောင်းတန်းမှာ ပြန်လည်မျှဝေခိုင်းပါသေးသည်။ ၁၅ နှစ်သားမှာပဲ ရင်ခုန်သံနှင့် စတင်ထိတွေ့ခဲ့ဖူးသောကြောင့် ယနေ့လူငယ်လူရွယ်များ ရင်ခုန်သံကို မြည်းစမ်းနေပါသည်ဟုဆိုပါလျှင် ကျွန်တော် အပြစ်တစ်ခုဟု ဆိုလိမ့်မည်မဟုတ်ပေ။ သို့သော် အဆိုပါရင်ခုန်သံများကို အတိုင်းအတာကာလတစ်ခုထိတော့ ထိန်းချုပ်ထားနိုင်ဖို့လိုသည်။

ဆရာများဆုံးမလေ့ရှိသော စကားတစ်ခွန်းမှာ "ကိုးတန်းနဲ့ယူလျှင် ကိုးတန်းနဲ့တန်တာပဲရမယ်၊ ဆယ်တန်းနဲ့ယူလျှင် ဆယ်တန်းနဲ့တန်တာရမယ်၊ ဘွဲ့ရမှယူလျှင် ဘွဲ့ရအရည်အချင်းနဲ့တန်တာကို ရမယ်" ဟူသော ဆုံးမစကားက ကျောင်းသားတိုင်းနှင့် ရင်းနှီးနေခဲ့သည်။ လူငယ်သဘာဝ စိတ်ကစားကြ၊ တိမ်းညွတ်ကြ၊ လက်တည့်စမ်းကြတာ အပြစ်တစ်ခုမဟုတ်သော်လည်း လမ်းမှားမရောက်သွားဖို့တော့ အရေးကြီးလှသည်။ ကျွန်တော်သည်လည်း ကျောင်းစာကိုပစ်ပယ်ပြီး နှလုံးသားလမ်းကြောင်းကို စောင်းပေးသူ တစ်ယောက်မဖြစ်စေဖို့ ကိုယ့်စည်းနှင့်ကိုယ်ထားခဲ့ရသည်။

ဆယ်တန်းအောင်စာရင်းထွက်မည့်ညက ကျွန်တော်ကောင်းကောင်း အိပ်မပျော်နိုင်ခဲ့ပါ။ ကိုယ့်ဘာသာ အောင်မယ်ဆိုတာကိုတော့ ကြိုသိနေသည်။ အိပ်မက်ထဲမှာ ဂုဏ်ထူးတစ်လုံးပင်ပါသည်ဟု မက်လိုက်သေး၏။ မနက်မိုးလင်း အောင်စာရင်းသွားကြည့်သောအခါ ဓာတုဗေဒဂုဏ်ထူးဖြင့် ကျွန်တော်အောင်မြင်ခဲ့သည်။ အောင်ထွန်းဦးက သုံး ဘာသာဂုဏ်ထူးပါခဲ့ပြီး ဖြိုးမောင်ကတော့ဂုဏ်ထူးမပါခဲ့။ တစ်ကျောင်းလုံးရှားရှားပါးပါးဂုဏ်ထူးပါသူ သုံးယောက်ဖြစ်ခဲ့သည်။ နောက်တစ်ယောက်ကတော့ အတန်းဖော် မိန်းကလေး အေးစန္ဒာအောင်ဖြစ်ပြီး နှစ်ဘာသာဂုဏ်ထူးထွက်ခဲ့သည်။

ကျွန်တော်တို့ရွာအတွက် ထူးထူးခြားခြားဂုဏ်ထူးရှင်ဖြစ်ခဲ့သည်။ ကျွန်တော့်ရှေ့ ယောကျာ်းလေးဂုဏ်ထူးရှင် မရှိခဲ့ပါ။ ရှေ့တစ်နှစ်ကအောင်သွားသည့် အစ်မ မဆွေမွန်သာ ဂုဏ်ထူးပါခဲ့ဖူးသည်။ ထိုနှစ်က ကျွန်တော်တို့ရွာမှာ ဆယ်တန်းကျောင်းသားများအဖြစ် ကျွန်တော်၊ ရွာလယ်ပိုင်းက တင်နီလာဝင်း၊ ရွာရှေ့ပိုင်းက မွန်မွန်သဲ၊ သဲသဲ၊ ရွာနောက်ပိုင်းက ပိုပိုငြိမ်း၊ တင်မာဌေးတို့ တက်ရောက်ကြသည်။

ကျွန်တော်နေသည့် အမေကြီးတို့အိမ်က ရွာလယ်မကျတကျဖြစ်၏။ မနက် ၄ နာရီလောက်ဆို ကျွန်တော့်ကို ဝန်းရံလျက်ရှိသည့် သူငယ်ချင်းများ အိမ်က စာကျက်သံများ အလျှိုလျှိုထွက်ပေါ်လာသည်။ ညဆိုလည်း ၁၁ နာရီလောက်ထိ သူတို့စာကျက်သံများက မတိတ်သေး။ ထိုအခါမျိုးတွင် အန်တီအေးက ကျွန်တော့်ကို တွန်းအားပေးသည်။ ကျွန်တော် ကျောင်းနေခဲ့သည့်ကာလတစ်လျှောက်လုံး ည ၁၀ နာရီထိ စာမကျက်ခဲ့ဖူးသလို မနက်အစောကြီးလည်းစာမကျက်ခဲ့ဖူးပါ။ ဆယ်တန်းကျောင်းသားဖြစ်သောကြောင့် စာကို အပတ်တကုတ်ကြိုးစားရမည်ဟူသော ခံယူချက် ကျွန်တော့်မှာမရှိ။ စာသည် ဦးစားပေးကဏ္ဍဖြစ်၏။ သို့သော် အချိန်ပိုင်းလိုက် အားကစားကိုလည်း လုပ်ဖြစ်ပါသေးသည်။ တီဗွီဆိုလည်း ကြည့်လိုက်ပါသေးသည်။

သူ့အချိန်နှင့်သူ လုပ်ဆောင်မည့်ရည်မှန်းချက်များကို ချမှတ်ထားဖို့ သာလိုသည်။ ကျောင်းပိတ်ရက်များတွင် အချိန်ရလျှင်ရသလို သူငယ်ချင်းများနှင့် ဘောလုံးကန်သည်။ ကျောင်းနှင့်ကပ်လျက် ဖြိုးမောင်တို့ရွာကိုပင် သွား၍ ခြင်းခတ်ပါသေး၏။ ကျောင်းတက်ခေါင်းလောင်းမထိုးမီ ဘောလုံးကန်လိုက်သေးသည်မို့ ကျွန်တော်တို့ဆီက ချွေးနံ့များသည် ဆရာမတို့အပြစ်ဆိုဖွယ်ဖြစ်ခဲ့ပါသေးသည်။ ကျွန်တော်က လူစွမ်းကောင်းလုပ်ပြီး ရည်းစားထားချင်မိခဲ့သော်လည်း အောင်ထွန်းဦးနှင့် ဖြိုးမောင်သည်ကား ကျွန်တော့်လောက်နှုတ်မရဲခဲ့လို့သာ သူတို့လည်း မပြောရဲခဲ့ကြခြင်းဖြစ်၏။ ရည်ရွယ်ထားသူများ ကိုယ်စီတော့ရှိကြလေသည်။ ညနေကျောင်းဆင်းလျှင် အိမ်မပြန်ကြတော့ဘဲ ကျောင်းမှာခဏအချိန်ဖြုန်းပြီး မြို့ထဲကျူရှင်ဆက်ကူးကြသည်။

ဤသို့ဖြင့် ဆယ်တန်းဟူသောတောင်ကြီးကို ကျွန်တော်တို့အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကြသည်။ ဖြိုးမောင်သည်လည်း မပြည့်စုံသည့် မိသားစုမှမွေးဖွားလာသည့်တိုင် ဆယ်တန်းရမှတ်များ ကောင်းခဲ့သည်။ အောင်ထွန်းဦးက အမှတ်အများဆုံးဖြစ်ခဲ့ပြီး အေးစန္ဒာအောင်က ဒုတိယ၊ ကျွန်တော်က တတိယလိုက်ခဲ့သည်။ ကျွန်တော်ကတော့ လက်ရှိရလဒ်အတွက်ပဲ ဝမ်းသာပီတိဖြစ်မိသည်။ လိုသလောက်မရသော်လည်း ကိုယ်လုပ်သလောက် အကျိုးဖြစ်ထွန်းခဲ့သည့်အတွက် အားရမိသည်။ တချို့ သူငယ်ချင်း

များလို ကျွန်တော်တို့သုံးယောက် ဆေးလိပ်မသောက်ခဲ့ကြ၊ ကွမ်းမစားခဲ့ကြပါ။ ကျောင်းတက်လည်း မကြာခဏဆိုသလို မပျက်ကွက်ခဲ့ကြပါ။ ကျွန်တော်နှင့် ဖြိုးမောင်အတွက်ကတော့ စာအုပ်ကောင်းကောင်း၊ စက်ဘီးကောင်းကောင်း၊ ပုဆိုးကောင်းကောင်း၊ အင်္ကျီကောင်းကောင်းလည်း မရှိခဲ့ကြပါ။

မိဘများ၏ကုန်ကျစရိတ် အနည်းဆုံးဖြင့် ဆယ်တန်းဟူသော တောင်တန်းကြီးကို နှစ်ချင်းပေါက် ကျော်ဖြတ်နိုင်ခဲ့သည်။ ပိုပြီးဂုဏ်ယူစရာကောင်းသည်ကား မြို့ပေါ်ကလူများထက် ရွာသားများက ပိုထူးချွန်ပါလား ဟူသော မှတ်ချက်ကို ဆောင်ကြဉ်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သူများတွေ မုန့်ဖိုးတစ်ရာ၊ နှစ်ရာလောက်ရနေချိန်တွင် ကျွန်တော်တို့က နှစ်ဆယ်၊ ငါးဆယ်လောက်သာ သုံးနိုင်သည်။ ကြော့ကြော့မော့မော့ဖြီးလိမ်းပြင်ဆင်လာကြသော သူငယ်ချင်းများရှိသလို စက်ဘီးအကောင်းစား၊ ဆိုင်ကယ်များဖြင့် ကျောင်းတက်နေသူများလည်းရှိသည်။ ကျွန်တော်ကတော့ ဦးလေးလက်ကျ စက်ဘီးဟောင်းလေးကိုသာ တယုတယစီး ကျောင်းတက်ခဲ့ရသည်။ ကျွန်တော့်အားသာချက်အတိုင်း ထိုအရာများအတွက် သိမ်ငယ်ခြင်း၊ အားလျော့ခြင်းများ မဖြစ်ခဲ့ပါ။

## ဆယ်တန်းအောင်သည့်နောက်

ကျွန်တော်ဆယ်တန်းအောင်သောအခါ အဖေအလွန်ပျော်ခဲ့သည်။ ဆက်တက်မည့်တက္ကသိုလ်အတွက်လည်း ကိုယ့်ဘာသာစဉ်းစားခဲ့ပြီးပြီမို့ သိပ်မခက်ခဲခဲ့ပါ။ ထုံးစံအတိုင်း နွေရာသီကာလကို အကျိုးရှိစွာအသုံးချချင်သောကြောင့် အလုပ်တစ်ခုလုပ်ဖို့ ကျွန်တော်ဆန္ဒရှိခဲ့ပြန်သည်။

ထိုအချိန်က သာဂရမြို့တွင် စက်မှုဇုန်တည်ဆောက်နေဆဲကာလဖြစ်၏။ တစ်ရက် တစ်ထောင် ဟူသော ဝင်ငွေဖြင့် စက်မှုဇုန်လုပ်ငန်းအတွက် အုတ်သယ်၊ ကျောက်တိုက်၊ သဲတိုက်လုပ်ငန်းများမှာ ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ မနက်စာ အိမ်ကစားသွားပြီး နေ့လယ်စာကိုတော့ အင်ဖက်နဲ့ထုပ်ကာ အလုပ်ထဲကခေါ်သည့်ကားဖြင့် စေညွှန်ရာအရပ်ဆီ ခရီးဆက်ရသည်။

စေညွှန်ရာအရပ်ဆိုသည်ကား အနီးအနားမြို့များရှိ အုတ်ဖုတ်သည့် နေရာများ၊ ချောင်းများသို့ဖြစ်ပြီး သတ်မှတ်ပေးထားသည့် အုတ်၊ သဲ၊ ကျောက်များကို ကားပေါ်တင်ရသည်။ ပျဉ်းမနား လေ့ခွင်းတောင်ဘက် သို့လည်း ရောက်ခဲ့ပါသေး၏။ မိုးရွာသည်ဖြစ်စေ နေပူသည်ဖြစ်စေ နေ့စား ဝန်ထမ်းဘဝသည်ကား သူ့ဆန်စားရဲရသည်သာဖြစ်ပါ၏။ ကိုယ့်ထက် အသက်ကြီးသူ လူကြီးများကြားမှာ သူတို့နည်းတူ လုပ်ငန်းခွင်ဝင်နိုင်အောင် ကျွန်တော်ကြိုးစားလုပ်ကိုင်ခဲ့သည်။ ကျွန်တော်ဆယ်တန်းအောင်ပြီးသည့် နောက်မှာတော့ အဖေက အရက်သောက်လျှော့လာခဲ့သည်။ မမကလည်း ရှေ့နေတစ်ယောက်အဖြစ် အသက်မွေးဖို့ ဆုံးဖြတ်ခဲ့သည်။

ကျွန်တော်ကလည်း တပ်မတော်ထဲဝင်မည်ဟု အသိပေးထားခဲ့သည်။ သားသမီးများ၏မျက်နှာကိုထောက်ထားရန် အဘက်ဘက်ကပြောလာသော ကြောင့် နောက်ဆုံးတွင် အဖေက ကျွန်တော်တို့မောင်နှမများ၏မျက်နှာ ကို ငဲ့ခဲ့သည်။ ဘီအီးဒီလျှောက်လွှာကို ဦးစားပေးတင်ထားသော်လည်း တကယ်တမ်း ကျွန်တော်လျှောက်လွှာသွားယူဖြစ်ခဲ့သည်ကား တောင်ငူရှိ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ဖြစ်သည်။ ကိုးတန်းတက်နေချိန်ကတည်းက သတင်းစာမှာတွေ့ရသော စစ်တက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာကို တွေ့ခဲ့ပြီး တက်ချင်စိတ်များ ပြင်းပြခဲ့သည်။

"အစ်မလို ရှေ့နေလုပ်ပါလားငါ့သားရာ၊ ဒါမှမဟုတ် ရဲထဲဝင်ပါလား" ဟု အဖေက တပ်ထဲဝင်မည့်အရေးတားမြစ်ပြီး အခြားလမ်းများ အကြံပြုခဲ့ သော်လည်း ကျွန်တော့်နှလုံးသားက တပ်ရိပ်ကို ခိုလှုံချင်နေပြီဖြစ်သည်။ စစ်တက္ကသိုလ်ဖြေဖို့လျှောက်လွှာကိုယူခဲ့ပြီး လိုအပ်သည့်စာရွက်စာတမ်းများ ပြုစုကာ ပြန်တင်လိုက်သည်။ ထိုကာလအတွင်း ကျွန်တော်တို့သားအဖ နှစ်ယောက် သကြားစက်အိမ်နောက်က တောထဲမှာ ထင်းခုတ်ကြသည်။ ဈေးဆိုင်လေးကလည်း ထိုအချိန်မှာ အရင်းပြုတ်သွားခဲ့ပြီဖြစ်၏။ ဆိုင်ကို ပြန်အပ်ကာ ကိုယ်ပိုင်ဝယ်ထားသောခြံမှာ သွားရောက်နေထိုင်ကြသည်။ ထိုအိမ်လေးမှာ မိုးမလုံ၍ အိပ်ရေးပျက်ခဲ့ရသော ညများလည်းရှိခဲ့သည်။

သားအဖနှစ်ယောက် အိမ်အနောက်တောထဲမှာ ထင်းခုတ်ပြီး ပိုလျှံတာ များကို ရောင်းချခဲ့ကြသည်။ ထိုတောထဲမှာပဲ မှျစ်ချိုးပြီး ပြုတ်ရောင်းခဲ့ဖူး

သည်။ ထို့ပြင် ရေတစ်ထမ်း ၅၀ ဖြင့်လည်း ထမ်းရောင်းခဲ့သည်မှာ ကျွန်တော့်ဘဝမှန်ပင်ဖြစ်သည်။ ကျွန်တော့်အနေဖြင့် မည်မျှပင်ပန်းပြီး အခက်အခဲများရှိနေပါစေ လုပ်လျှင်ဖြစ်ရမည်ဟူသော ခံယူချက်တစ်ခုက ရင်ဘတ်ထဲ ထာဝစဉ်ကိန်းအောင်းနေခဲ့သည်။

ဗိုလ်သင်တန်းဝင်ခွင့်ကို တောင်ငူမှာ ဖြေဆိုရသည်။ ကျွန်တော် အောင်မြင်ခဲ့သည်။ ပထမအဆင့် အောင်မြင်ပြီးနောက် ဒုတိယအဆင့်ကို ရန်ကုန်တွင် ငါးရက်ကြာ ကျော်ဖြတ်ရဦးမည်ဟု သိရသည်။ ရန်ကုန်သွားဖို့ စာမေးပွဲဖြေဆိုဖို့ လိုအပ်တာတွေဝယ်ဖို့ အထွေထွေကုန်ကျစရိတ်များကို အန်တီအေးတို့ဆီကလည်း ယူခဲ့ရသည်။ အားလုံးကတော့ ကျွန်တော်ဗိုလ် သင်တန်းဖြေဖို့အတွက် ဂုဏ်ယူလျက်ရှိကြသည်။ ရန်ကုန်ကို အန်တီအေး လိုက်ပို့သည်။ ဘုန်းကြီးကျောင်းမှာတည်းပြီး ကျွန်တော့်ကို တပ်မတော်ဗိုလ် ရွေးဆီ ပို့ခဲ့သည်။

ထို့နောက် အန်တီအေးက ပြန်သွားသည်။ ဗိုလ်ရွေးတွင်နေရသော ငါးရက်တာသည် ကျွန်တော်တို့အတွက် ပြင်ပကမ္ဘာနှင့် အဆက်ပြတ်နေ ခဲ့သည်မို့ ငါးကမ္ဘာလောက်ကြာသည်ဟု ထင်ရသည်။ တတ်သမျှမှတ်သမျှ များနှင့် စာတွေ့လက်တွေ့များ ဖြေကြားပြီးသည့်နောက် လော်ကယ်ရထား ကြီးဖြင့် ရန်ကုန်ဘူတာကြီးကနေ မြို့လှဆီပြန်ခဲ့သည်။ ကျွန်တော့်ဘဝ တစ်သက်တာတွင် အင်တာဗျူးများ မဖြေခဲ့ရဖူးပါ။ ဗိုလ်ရွေးဝင်သည့် အချိန် မှာတော့ နှုတ်ဖြေအင်တာဗျူးတွင် လူကြီးတွေက ဆိုက်ကိုနှင့်ဆက်စပ် သော အထွေထွေမေးခွန်းကို မေးသည်။ ရေးဖြေဖြေသောအခါ ဝါသနာပါ သော အားကစားနေရာ၌ ဘောလုံးဟု ဖြေခဲ့ပြီး အနှစ်သက်ဆုံး အားကစား သမားကို ဒေးဗစ်ဘက်ခမ်းဟု ဖြေဆိုခဲ့သည်။ ဤသည်ကို မှတ်သားထား သော လူကြီးက–

"ဒေးဗစ်ဘက်ခမ်းက ဘယ်နိုင်ငံသားလဲကွ" ဟု မေးလာပါတော့သည်။

"အင်္ဂလန်ပါခင်ဗျ "

ကျွန်တော်ကလည်း အလွယ်တကူပင်ဖြေလိုက်၏။

"ကဲ၊ မတ်တတ်ရပ်ပြီး နောက်လှည့်ပါ"

ကျွန်တော်လည်း အမိန့်သံအတိုင်း မတ်တတ်ရပ် နောက်လှည့်လိုက်ရသည်။ ထိုသောအခါ ကမ္ဘာ့မြေပုံကြီးက မျက်စိရှေ့တည့်တည့်ရောက်လာသည်။

"အင်္ဂလန်က ဘယ်နားမှာလဲကွ" ဟု မေးလာသောကြောင့် မှတ်မှတ်ထင်ထင်ဖြစ်နေသော ကျွန်းစုလေးတစ်ခုကို ရှာဖွေရသည်။ ဥရောပ အနောက်မြောက်ဘက်ပိုင်း ကမ်းရိုးတန်းများနားမှာ ဆိုတာကိုတော့ မှတ်မှတ်ထင်ထင်ရှိနေသည်။ ဟော တွေ့ပါပြီ။ ချက်ချင်းဆိုသလို လက်ဖြင့် ထောက်ပြလိုက်မိသည်။

ကျွန်တော်မှတ်မိသလောက် အဆိုပါလူကြီးက ဘရာဇီးနှင့် အာဂျင်တီးနားနိုင်ငံတို့ကို ဆက်မေးသည်။ ကျွန်တော်လည်း တောင်အမေရိကတိုက်ဘက်လှည့်ပြီး လက်ညှိုးထိုးပြလိုက်သည်။ တကယ်တော့ ထိုမြေပုံကို ကျွန်တော်ကြိုတင် လေ့လာကျက်မှတ်ထားခြင်းမရှိပါ။ ကျောင်းတက်စဉ်ကာလ ကမ္ဘာ့တိုက်ကြီးများကို မှတ်သားထားသောကြောင့် အလွယ်တကူရှာဖွေနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ တကယ်တော့ ကိုယ့်အလုပ်ကို စိတ်ဝင်စားမည်။ ပတ်ဝန်းကျင်ကိုဂရုပြုမည်။ စာအုပ်စာပေကို ချစ်မြတ်နိုးမည်ဆိုလျှင် ဗဟုသုတသည် တကူးတကရှာဖွေနေဖို့ မလိုပါတော့ချေ။ အဖေနှင့်အဒေါ်ဆီမှရခဲ့သော စာဖတ်အမွေကြောင့် ကျွန်တော်စာပေကို ချစ်တတ်ခဲ့သည်။ ကျောင်းစာအပြင် ပြင်ပစာများသည် ကျွန်တော့်အဖော်များဖြစ်ခဲ့သည်။ မြင်ကွင်းထဲရောက်လာသမျှ လက်လှမ်းမီရာစာတိုင်းကို ဖတ်ခဲ့ရာမှ ရွယ်တူများရှေ့တွင် ကျွန်တော်နေရာတစ်ခု ရခဲ့သည်။ ငယ်စဉ်ကာလတွင် ကာတွန်းမှအစပြုပြီး ဘောလုံးဂျာနယ်၊ သိုင်းဝတ္ထု၊ အချစ်ဝတ္ထု၊ တက်ကျမ်းမျိုးစုံ ဖတ်ခဲ့သော ကျွန်တော်သည် တဖြည်းဖြည်းချင်း စာရွေးဖတ်သူဖြစ်လာခဲ့သည်။ စစ်တက္ကသိုလ်တက်ချိန်မှစပြီး တိုးတက်မှုမပါသော အချစ်ဝတ္ထုများနှင့် ကျွန်တော်ကင်းဝေးလာသည်။

ငါးတန်းကျောင်းသားအရွယ်မှ စတင်ဖတ်ရှုခဲ့သော ဘောလုံးအားကစားဂျာနယ်များကြောင့် နာမည်ကျော်ဘောလုံးသမားနှင့် အခြားအားကစားသမားများကို သိခွင့်ရခဲ့သလို သူတို့နေထိုင်ရာ တိုင်းပြည်များ၊

ပြိုင်ပွဲကျင်းပရာနာမည်များကို ရင်းနှီးခဲ့ရသည်။ ထိုမှလွန်သော် မြို့ကိုအစွဲပြုရာမှ ဘောလုံးအသင်းဖြစ်ပေါ်လာကြသော အသင်းများကိုလည်း သိခဲ့ရသည်။ မန်ချက်စတာမြို့ကို အခြေပြုထားသောကြောင့် မန်ချက်စတာအသင်းနှစ်သင်း တည်ရှိနေပုံ၊ မက်ဒရစ်မြို့ကို အခြေပြုရာမှ ရီးရဲယ်မက်ဒရစ်နှင့် အက်သလက်တီကိုမက်ဒရစ်တို့ ဖြစ်ပေါ်လာပုံတို့အပြင် အခြားသော ကမ္ဘာ့ဘောလုံးအသင်းများကိုလည်း သိရှိခဲ့ရသည်။ ကိုယ်တိုင်မရောက်ဖူးသော်လည်း ထိုနိုင်ငံများသည် ကျွန်တော့်နားထဲတွင် နားရည်ဝနေခဲ့၏။

အားကစားဂျာနယ်များဖတ်ရှုရာမှ နာမည်များနှင့် အသင်းများကို သိလာသောအခါ ရွာမှာ ဘောလုံးပွဲလာချိန်တွင် ကျွန်တော်က အသင်းတော်တော်များများကို သိနေသလို ကစားသမားများကိုလည်း သိနေသည်။ ဒါက ဘယ်သူ၊ ဘယ်နိုင်ငံသား အစရှိသဖြင့် အစီအစဉ်ကြေညာသူတစ်ဦးလို ပြောနေသောအခါ အတူကြည့်ဖော်များအတွက် အရသာတစ်မျိုးဖော်ပေးသလို ရှိနေခဲ့သည်။ ထိုစဉ်က ယနေ့လို နည်းပညာမြောက်မြားစွာ မထွန်းကားသေးသော၊ မည်သည့်ဖုန်းမျှပင် မကိုင်ဆောင်နိုင်သေးသော ခေတ်ကာလဖြစ်၏။ ဖေ့ဘွတ်ကြောင့် သိခြင်းမဟုတ်၊ ဖုန်းကိုင်ထားသောကြောင့် သိခြင်းမဟုတ်ဘဲ စာအုပ်စာပေကြောင့် သိခဲ့ခြင်းဖြစ်သည်။ "နှလုံးသား အာဟာရများ" စာအုပ်ကိုဖတ်ပြီးနောက် စာမူတစ်ပုဒ်ထဲမှ တာဝန်ကျေသည့် အစ်ကိုတစ်ဦးလို ဖြစ်ချင်လာခဲ့သည်။ နပိုလီယံကို စစ်သူကြီးမှန်းမသိဘဲ "လုံ့စွပ်ထိုးခံရတာ ဘယ်လိုနေလဲ" ဟု မေးသည့် သိုးမွေးထည်ဆိုင်ရှင်နှင့် ကိုယ်ချင်းစာတတ်အောင် လက်တွေ့သင်ပေးသွားသော နပိုလီယံ၏ လုပ်ရပ်ကလည်း စိတ်ဝင်စားဖွယ်ကောင်းလှသည်။

ဆယ်တန်းအောင်ပြီးကတည်းက လူကြီးမိဘများက သူတို့ သားသမီးများကို ကျွန်တော့်လိုကြိုးစားကြရန် တိုက်တွန်းလာကြသည်။ လူငယ်များကို လမ်းညွှန်မှုပေးလာကြသည်။ အထူးသဖြင့် ကျောင်းကဆရာများက တပည့်သစ်များကို ကျွန်တော့်ကိုနမူနာထား ကြိုးစားကြရန် တိုက်တွန်းလေ့ရှိကြောင်း မကြာခဏကြားရသည်။ ထိုအရာသည် ကာယကံရှင်ကျွန်တော့်

စာကြည့်တိုက်
ရုံးအမှတ်(၄၃)

အတွက်သာမက ကျွန်တော့်မိဘများအတွက်ပါ အားအင်များဖြစ်သည်။ ကျွန်တော်သည် အဖေ၊ အမေနှင့် အမေကြီး၊ အဒေါ်တို့၏ကျေးဇူးများကို ငွေအားဖြင့် မဆပ်နိုင်ခဲ့သေးပါ။ ကိုယ်တတ်နိုင်သည့် ကာယအားဖြင့်သာ တတ်နိုင်သမျှ ကျေးဇူးဆပ်နေရသည်။

ရိုးသားကြိုးစားမှုဖြင့် မိဘဆရာသမားများ စကားနားထောင်ခြင်းကလည်း ကျေးဇူးဆပ်ခြင်းတစ်မျိုးဖြစ်ကြောင်း ကျွန်တော်သိမြင်ခဲ့သည်။ သားသမီးကောင်းတစ်ဦးအဖြစ် ပီသစွာနေထိုင်ခြင်းသည် အမိအဖအပေါ် ကျေးဇူးဆပ်ခြင်းမည်သလို တပည့်ကောင်းတစ်ဦးပီပီ စာကြိုးစားခြင်း၊ ဆရာသမားများအပေါ်သို့ သိတတ်လိမ္မာခြင်းကလည်း ကျေးဇူးဆပ်ခြင်းဟု ကျွန်တော် ထင်သည်။ ခုနစ်တန်းနှစ်တွင် သင်္ချာသင်သော ဆရာမဒေါ်ကြည်မြင့်သည် နားရင်းအုပ် လက်သံပြောင်သူဖြစ်ကြောင်း ကြားသိရသည်။ ကံကောင်းစွာ ဆရာမ၏လက်သံကို ကျွန်တော်မခံခဲ့ရပါချေ။ ဆရာတို့၏ စေတနာမေတ္တာများသည် မည်မျှပင်ရိုက်နှက်ပါစေ နှလုံးအိမ်က မပါသောဆန္ဒဖြင့် ဆုံးမခြင်းဖြစ်ကြောင်းကိုတော့ ကျွန်တော်တို့နားလည်ခဲ့ကြသည်။

ဆယ်တန်းမှာ မြန်မာစာသင်ပေးခဲ့သော ဆရာမဒေါ်သိန်းတင်သည် ကျွန်တော့်အတွက် ဒုတိယမိခင်တစ်ဦးလိုလည်းဖြစ်ခဲ့၏။ ဆယ်တန်းတုန်းက ကျွန်တော်ရေးသားခဲ့သော မြန်မာစာစာစီစာကုံးစာအုပ်လေးကို နောက်တက်လာမည့် ကျောင်းသားများကို ပညာပေးမည်ဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်တော့်ဆီက တောင်းထားခဲ့သည်။ ကျွန်တော်ဘဝအခြေနေကို သိနားလည်ခဲ့သော ဆရာမသည် ကျွန်တော့်အပေါ်များစွာ စာနာနားလည်ပေးခဲ့သူလည်းဖြစ်သည်။ ယနေ့အချိန်မှာတော့ ဆရာမသည် အမိမဲ့တူ၊ တူမများကို စောင့်ရှောက်ရင်း အပျိုကြီးဘဝဖြင့် သက်ပြည့်ပင်စင်ယူခဲ့ပြီဖြစ်သည်။ ဒီဇင်ဘာလ ကျွန်တော့်မွေးနေ့ရောက်တိုင်းလည်း ဘုရားမှာပန်း ဆီမီးကပ်ပေးခဲ့သော ဆရာမလည်း ဖြစ်သည်။ တခြား ဆရာများကပါ ကျွန်တော်နှင့် ဆရာမဒေါ်သိန်းတင်ကို သားအမိများအဖြစ် တင်စားခေါ်ဝေါ်ခဲ့ကြသည်။

ဆက်လက်ဖတ်ရှုလိုပါက စိုက်ပျိုးရေးဦးစီးဌာန၊

ဗဟိုစာကြည့်တိုက် ( e – Library)တွင်

လာရောက်ဖတ်ရှုနိုင်ပါသည်။



လူ့ဘာဝဓကဏတာ

မြင့်မြတ်စွာ လူဖြစ်ခိုက်မှာပေါ့

နွေကုံးကော်(မြို့လှ)

Class

Ac